# Livelihoods and Food Security Trust Fund

# အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ (**LIFT**)
# မြစ်ဝကျွန်းပေါ်–၃
# ရန်ပုံငွေလျှောက်လွှာခေါ်ယူခြင်း/ အဆိုပြုလွှာ တင်သွင်းရန် ဖိတ်ခေါ်ခြင်း (**CfP**)

| | |
|---|---|
| ရည်ညွှန်းအမှတ် | CfP/LIFT/2015/2/Delta3 |
| သတင်းထုတ်ပြန်သည့်နေ့ | ၁၂ရက်၊ မတ်လ၊ ၂၀၁၅ |
| နောက်ဆုံးတင်သွင်းရမည့်နေ့ | ၂၇ရက်၊ ဧပြီလ၊ ၂၀၁၅၊ နေ့လယ် ၁၂ နာရီ **(GMT+6.30h)** |
| ခေါင်းစဉ် | မြစ်ဝကျွန်းပေါ်–၃ အစီအစဉ် |
| အချိန်ကာလ | ရန်ပုံငွေခွင့်ပြုကာလ ၂၀၁၅ခုနှစ်၊ ဇူလိုင်လ ၁ရက် ဝန်းကျင်မှ ၂၀၁၈ခုနှစ် ဒီဇင်ဘာလ မလွန်ခင်အထိ |

## နောက်ခံသမိုင်း

အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ (**LIFT**) သည် မြန်မာပြည်တွင် ၂၀၀၉ခုနှစ်၌ စတင် တည်ထောင်ခဲ့သည့် အလှူရှင်ပေါင်းစုံထည့်ဝင်လှူဒါန်းသည့် ရန်ပုံငွေဖြစ်ပြီး အဓိကရည်မှန်းချက်မှာ ဆင်းရဲနွမ်းပါးသော လူဦးရေပမာဏအား ထက်ဝက်ခန့်လျှော့ချရန်ဖြစ်သည်။ **LIFT** သည် လက်ရှိအချိန်အထိ အလှူရှင်[1] ၁၂ဖွဲ့ထံမှ ရန်ပုံငွေများလက်ခံရရှိခဲ့ပါသည်။ ကုလသမဂ္ဂစီမံကိန်းများရုံးUNOPS သည် ရန်ပုံငွေများအား စီမံခန့်ခွဲ၍ ကြီးကြပ်၊ စစ်ဆေးပေးသည့် ရန်ပုံငွေစီမံခန့်ခွဲသူ(FM)ဖြစ်ပါသည်။

**LIFT** သည် မြန်မာနိုင်ငံ၏ အဓိက စိုက်ပျိုးရေးဒေသကြီး (၄) ခုဖြစ်သော ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ၊ ရခိုင် ကမ်းရိုးတန်းဒေသ၊ အပူပိုင်းဒေသ(မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတိုင်းတောင်ပိုင်းဒေသများအပါအဝင်) နှင့် ချင်း၊ ကချင်၊ ရှမ်းပြည်နယ် ကုန်းမြင့်တောင်တန်းဒေသ တို့တွင် လုပ်ဆောင်လျက်ရှိပါသည်။

**LIFT**သည် ၂၀၁၀ခုနှစ်တွင် မြစ်ဝကျွန်းပေါ်ဒေသ၌ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းအပြီးတွင် အရေးပေါ်ကာလ နောက်ပိုင်း တစ်နှစ်တာ စီမံကိန်းအဖြစ် တွင် လုပ်ငန်းများ စတင်ဆောက်ရွက်ခဲ့ပါသည်။ ယင်းစီမံကိန်းကို မြစ်ဝကျွန်းပေါ် စီမံကိန်း–၂အဖြစ် အဆိုပြုလွှာများကို ခေါ်ယူကာ နောက်ထပ်သုံးနှစ်တိုင်တိုင် စီမံချက်များကို တိုးချဲ့လုပ်ကိုင်ခဲ့သည်။

[1] ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလ မှတ်တမ်းများအရ ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ အိုင်ယာလန်၊ အီတလီ၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းမ်ဒမ်းနှင့် အမေရိကန်နိုင်ငံတို့မှ စုစုပေါင်း ယူအက်ဒေါ်လာ ၂၀၆သန်း ထည့်ဝင်လှူဒါန်းခဲ့သည်။

**LIFT**
12(0), Pyi Thu Lane,
7 Mile, Mayangone Township
Yangon, Myanmar

Tel: +(95) 1 657 280 ~ 87, 657 703 ~ 04
Fax: +(95) 1 657 279, 657 702
lift@unops.org
www.lift-fund.org

**Funds donated by Australia, Denmark, the European Union, France, Ireland, Italy, the Netherlands, New Zealand, Sweden, Switzerland, the United Kingdom, and the United States.**

ဤစီမံကိန်းကို အကောင်အထည်ဖော်သည့် လုပ်ငန်းများအကြား၌ လိုက်လျောညီထွေဖြစ်ရန်နှင့် ရေရှည်အတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများတိုးမြှင့်လုပ်ဆောင်ရန်အတွက် ရည်ရွယ်ပါသည်။ စီမံချက်များမှ အများစုသည် ၂၀၁၅ခုနှစ် နှစ်လယ်ပိုင်းအထိ ၄နှစ်သက်တမ်းကို တိုးမြှင့်ခဲ့ပြီးဖြစ်သည်။

## အဆိုပြုလွှာဖိတ်ခေါ်ရခြင်း ဦးတည်ချက်များ

၂၀၁၄ခုနှစ် ဇူလိုင်လတွင် ရန်ပုံငွေဘုတ်အဖွဲ့ (FB) သည် ကနဦးစီမံချက်များမှ ရရှိသော သင်ခန်းစာများ အပေါ်အခြေခံ၍ မြစ်ဝကျွန်းပေါ်-၃ စီမံကိန်းအားအကောင်အထည်ဖော်ရန် သဘောတူခဲ့ကြသည်။ ရန်ပုံငွေ စီမံခန့်ခွဲသူ(FM)သည် မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ ဤသင်ခန်းစာများအား ဖော်ထုတ်စုစည်းခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲ ၂ခုအား ၂၀၁၄ခုနှစ် အောက်တိုဘာလ အစောပိုင်းတွင် ကျင်းပပြုလုပ်ခဲ့သည်။ (http://www.lift-fund.org/eventbest-practices-event/lift-partners-share-lessons-and-good-practice-implementing-projects-delta).

မြစ်ဝကျွန်းပေါ်-၃ စီမံကိန်းသစ်၏ရည်ရွယ်ချက်မှာ ပြီးခဲ့သည့်စီမံကိန်းများ၏ အကျိုးသက်ရောက်မှုများအား ဆက်လက်တိုးမြှင့်နိုင်ရန်၊ LIFT၏နည်းဗျူဟာအသစ်တွင် အထောက်အကူဖြစ်ရန်နှင့် ဝင်ငွေ၊ ရပ်တည်နိုင်စွမ်း၊ အာဟာရနှင့် ဆင်းရဲသားနွမ်းပါးသူများအကျိုးဖြစ်ထွန်းစေမည့်(pro-poor) မူဝါဒလွှမ်းမိုးမှုအစရှိသော ၎င်း၏ အဆင့်မြင့် ရလဒ်များ၌ ပါဝင်ပံ့ပိုးနိုင်ရန်တို့ဖြစ်သည်။ ရည်ရွယ်သတ်မှတ်ထားသော ချဉ်းကပ်နည်းလမ်းများ အား စီးပွားဖြစ်နိုင်စွမ်းရှိသော လုပ်ကွက်ငယ်တောင်သူများ (တက်လှမ်း (ဝါ) စွမ်းရည်မြှင့်ခြင်း)၊ စိုက်ပျိုးရေးမဟုတ်သော အခြားအခွင့်အလမ်းများကို ရှာဖွေနေသူများ(ထွက်ခွာ (ဝါ) သမာရိုးကျမှ စွန့်ခွာ စွန့်စားခြင်း)၊ နှင့် ဘဝရပ်တည်လုံခြုံမှုလိုအပ်နေကြသော အိမ်ထောင်စုများ(တောင့်ထား) အတွက် ရည်ရွယ်ဆောင်ရွက်သွားမည်ဖြစ်သည်။ စည်းမျဉ်းသတ်မှတ်ချက်များအား LIFT၏ မဟာဗျူဟာ စာမျက်နှာတွင် ဝင်ရောက်ကြည့်ရှု နိုင်သည်။ http://www.lift-fund.org/strategy).

ယခုအချိန်၌ LIFT သည် ၎င်း၏ မြစ်ဝကျွန်းပေါ်-၃ စီမံကိန်းအား အကောင်အထည်ဖော်နိုင်ရန် အဆင့်မီသော အဖွဲ့အစည်းများ၏အဆိုပြုလွှာများအား လက်ခံလျက်ရှိပါသည်။ LIFT သည် ရန်ပုံငွေသဘောတူညီမှုအား တစ်ခု ထက်မက ချုပ်ဆိုနိုင်ရန် မျှော်လင့်ထားသည်။

## ရန်ပုံငွေခွဲဝေချထားခြင်း

| အဆိုပြုလွှာများအတွက် ရန်ပုံငွေ ခွဲဝေချထားခြင်း (USD) | | | | | |
|---|---|---|---|---|---|
| အပိုင်း ၁ | အပိုင်း ၂ | အပိုင်း ၃ | အပိုင်း ၄ | အပိုင်း ၅ | စုစုပေါင်း |
| ဒေါ်လာ ၆သန်း | ဒေါ်လာ ၃သန်း | ဒေါ်လာ ၄သန်း | ဒေါ်လာ ၂သန်း | ဒေါ်လာ ၁သန်း | ဒေါ်လာ ၁၆သန်း |

## အဆိုပြုလွှာတင်သွင်းခြင်း

တင်သွင်းရန်အတွက်ပြင်ဆင်ရာတွင် အဓိကကျသည့် စာရွက်စာတမ်းများ–

(က) နောက်ဆက်တွဲ ၁ – ဤအဆိုပြုလွှာ ၏ လွှမ်းခြုံမှုအတိုင်းအတာ

(ခ) နောက်ဆက်တွဲ ၂ – အဆိုပြုလွှာတင်သွင်းခြင်းအတွက် သတ်မှတ်ပုံစံနှင့် လိုအပ်ချက်များ

(ဂ) နောက်ဆက်တွဲ ၃ – LIFT မှ ရွေးချယ်ခြင်းအတွက် သတ်မှတ်ချက်များ

အဆိုပြုလွှာများတင်သွင်းရာတွင် အောက်ပါလိုအပ်ချက်များအား ကျေးဇူးပြု၍ သတိပြုပေးပါ–

- အဆိုပြုလွှာများအား နောက်ဆက်တွဲ (၂)တွင်ဖော်ပြထားသည့် လိုအပ်သော သတ်မှတ်ပုံစံအတိုင်း အင်္ဂလိပ်ဘာသာ သို့မဟုတ် မြန်မာဘာသာနှင့် ပြင်ဆင်ရမည်။
- အဆိုပြုလွှာများအား ဖော်ပြပါအီးမေးလ်လိပ်စာ (lift.proposals.mmoh@unops.org)သို့ ၂၀၁၅ခုနှစ်၊ ဧပြီလ ၂၇ရက်နေ့၊ မြန်မာစံတော်ချိန် နေ့လယ် (၁၂) နာရီ မတိုင်မီ ပေးပို့ရမည်။ အထက်ဖော်ပြပါ အီးမေးလ်မှအပ အခြား အီးမေးလ်လိပ်စာသို့ ပေးပို့လာသော အဆိုပြုလွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အီးမေးလ်တစ်ခု၏ပမာဏသည် စာနှင့် တွဲဘက်ပို့သော စာရွက်စာတမ်းများအပါအဝင် ၅ မဂ္ဂါဗိုက် (5MB) အထက် မကျော်လွန်ရပါ။ အီးမေးလ်ပို့ရာတွင် Subject နေရာ၌ *CfP/LIFT/2015/2/Delta3– "အဖွဲ့အစည်းအမည်"* ဟုထည့်သွင်းဖော်ပြရမည်။
- အဆိုပြုလွှာစာရွက်စာတမ်းအပြည့်အစုံကိုလည်း LIFTရန်ပုံငွေစီမံခန့်ခွဲရေးရုံး၊ အမှတ် ၁၂(အို)၊ ပြည်သူ့လမ်း၊ ၇မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ သို့ အထက်တွင်ဖော်ပြခဲ့သော နေ့ရက်၊ အချိန်မတိုင်မီ ပေးပို့ရပါမည်။ အီးမေးလ်နှင့်တကွ စာရွက်စာတမ်း အပြည့်အစုံကိုကို သတ်မှတ်ထားသည့် အချိန်မတိုင်ခင် ပေးပို့နိုင်ခြင်းမရှိသော အဆိုပြုလွှာများအား ထုတ်ပယ်မည်ဖြစ်သည်။
- အဆိုပြုလွှာအား ပြင်ဆင်ချိန်နှင့် ရန်ပုံငွေ သဘောတူညီချက်ရရှိရေး ညှိနှိုင်းစဉ်ကာလအတွင်း ကုန်ကျစရိတ်များ (ခရီးသွားလာစရိတ်များအပါအဝင်)အား မည်သည့်ပုံစံမျိုးနှင့်မျှ ပြန်လည်ထုတ်ပေးမည် မဟုတ်ပါ။

အခြားသိရှိလိုသည့် ရှင်းလင်းချက်များအတွက် lift@unops.org သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ ရှင်းလင်းချက်များအား LIFT၏ website ဖြစ်သော http://lift-fund.org နှင့် UNOPS ၏ website https://www.unops.org/english/Opportunities/suppliers/Pages/Grant-advertisement.aspx.တို့၌ ဖော်ပြ ထားမည်ဖြစ်သည်။

အခြား သတိပြုရန်တစ်ခုမှာ အရွေးချယ်ခံရသူများသည် LIFT၏ လုပ်ငန်းဆောင်ရွက်ရေးလမ်းညွှန်ချက်နှင့်အညီ လုပ်ဆောင် ရမည်။ http://www.lift-fund.org/guidelines. ၌ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်သည်။ လမ်းညွှန်ချက်သည် အစီရင်ခံ ခြင်း၊ ဝယ်ယူခြင်း၊ စာရင်းများ စီမံခန့်ခွဲခြင်း၊ မှတ်တမ်းထိန်းသိမ်းခြင်းနှင့် ထင်လင်းမြင်သာစေခြင်းတို့နှင့် သက်ဆိုင်သော LIFT၏ စည်းမျဥ်းသတ်မှတ်ချက်များအား ဖော်ပြထားသည်။

## အဆိုပြုလွှာ စီစစ် သုံးသပ် ရွေးချယ်ခြင်းလုပ်ငန်းစဉ်

နည်းပညာပိုင်းဆိုင်ရာ အကဲဖြတ်သုံးသပ်ရေး ကော်မတီ(Technical Appraisal Committee- TAC)သည် အဆိုပြုလွှာတစ်ခုစီ၏ ပညာရပ်ဆိုင်ရာ၊ စွမ်းရည်နှင့် ဘဏ္ဍာရေး သုံးသပ်မှုများအားလုပ်ဆောင်မည်ဖြစ်သည်။ အကဲဖြတ်လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ဒေသအဖြစ် အဆိုပြုလွှာများ၏ နည်းပညာဆိုင်ရာ၊ ကုန်ကျစရိတ် သို့မဟုတ် အခြားကဏ္ဍများအကြောင်းအား တင်သွင်းသူများနှင့် ဆွေးနွေးနိုင်ရန် LIFTမှ ရွေးချယ်မည် ဖြစ်သည်။ အကဲဖြတ်ရေးကော်မတီသည် အောက်ဖော်ပြပါ အဆင့်သုံးဆင့်အားဖြင့် အဆိုပြုလွှာများအား စီစစ်ရွေးချယ်သွားမည်ဖြစ်သည်။

၁။ ပဏာမအဆင့် ရွေးချယ်ခြင်း

- LIFT၏ မဟာဗျူဟာ၊ မြစ်ဝကျွန်းပေါ်-၃ စီမံကိန်း၏ မဟာဗျူဟာ၊ မူဘောင်တို့နှင့် ညီညွတ်မှုမရှိသော သို့မဟုတ် နောက်ဆက်တွဲ (၂)၌ ဖော်ပြထားသော သတ်မှတ်ချက်များနှင့် ပြည့်မီခြင်းမရှိသော အဆိုပြုလွှာများအားချန်လုပ်ကာ အခြားအဆိုပြုလွှာများ ဆက်လက် အကဲဖြတ်ရွေးချယ်သွားမည်ဖြစ်သည်။

၂။ နောက်ဆုံးအဆင့်ရွေးချယ်ခြင်း

- အကဲဖြတ်ရေးကော်မတီသည် နောက်ဆက်တွဲ-၂ တွင် ဖော်ပြထားသည့် သတ်မှတ်ချက်များနှင့် အညီ အဆိုပြုလွှာများအား အကဲဖြတ်သွားမည်ဖြစ်သည်။
- ပဏာမအဆင့်၌ ရွေးချယ်ခြင်းခံရသော အဆိုပြုလွှာများ၏တင်သွင်းသူများသည် ၎င်းတို့၏ ချဉ်းကပ်ပုံနည်းလမ်းများနှင့် တင်ပြခွင့်ရကြမည်ဖြစ်ပြီး လူတွေ့စစ်ဆေးမေးမြန်းခြင်းတွင် အကဲဖြတ်ကော်မတီ၏ မေးခွန်းများအား ဖြေဆိုပေးကြရမည်ဖြစ်သည်။

၃။ အဆိုပြုလွှာ ပြန်လည်သုံးသပ်ပြင်ဆင်ခြင်း

- နောက်ဆုံးအဆင့်တွင်ရွေးချယ်ခြင်းခံရသော အဆိုပြုလွှာများအနက် အချို့မှာ ထပ်မံရှင်းလင်း ချက်များ၊ ပြန်လည်သုံးသပ်ပြင်ဆင်ခြင်းများ လိုအပ်ကောင်း လိုအပ်မည်။ ကော်မတီ၏ မေးခွန်းများ၊ မှတ်ချက်များအပေါ်မူတည်၍ တင်သွင်းသူသည် ၎င်း၏အဆိုပြုလွှာအား ပြန်လည် သုံးသပ်ပြင်ဆင်နိုင်ရန်အတွက် အများဆုံး ၂ပတ်ခန့် ရရှိမည်ဖြစ်သည်။
- ကော်မတီသည် ပြန်လည်ပြင်ဆင်ထားသည့် အဆိုပြုလွှာအပေါ် ထပ်မံအကဲဖြတ်ပေးမည်။

ရွေးချယ်ခံရသော အဆိုပြုလွှာများသည် ရန်ပုံငွေစီမံခန့်ခွဲသူဖြစ်သော UNOPS နှင့် ရန်ပုံငွေသဘောတူညီမှု နှင့်အညီ အကောင်အထည်ဖော်ရမည်ဖြစ်သည်။ ရွေးချယ်ခြင်းမခံရသော အဆိုပြုလွှာများအား ပြန်လည်ပေးပို့ မည်မဟုတ်ပါ။

## အစီအစဉ် အချိန်ဇယား

LIFT သို့ အဆိုပြုလွှာနောက်ဆုံးတင်သွင်းရမည့် အချိန်နေ့ရက်မှလွဲ၍ အောက်တွင်ဖော်ပြထားသော နေ့ရက် များသည် အကြမ်းဖျင်းသတ်မှတ်ချက်သာဖြစ်သည်။ အကဲဖြတ်ကော်မတီသည် အဆိုပြုလွှာများအား အကဲဖြတ် ရွေးချယ်ရာ တွင် လျင်မြန်နိုင်သလို၊ အချိန်ပိုယူရသည့် အခါမျိုးလည်းရှိနိုင်သည်။

| **အစီအစဉ်** | **နေ့ရက်** |
|---|---|
| အဆိုပြုလွှာဖိတ်ခေါ်ခြင်း သတင်းထုတ်ပြန်ရက် | ၂၀၁၅ခုနှစ်၊ မတ်လ၊ ၁၂ရက် |
| စုံစမ်းမေးမြန်းမှုများ ရေးသားပေးပို့နိုင်သော နောက်ဆုံးရက် | ၂၀၁၅ခုနှစ်၊ ဧပြီလ၊ ၄ရက် |
| ပြန်လည်ဖြေကြားချက်များ ရေးသားထုတ်ဝေရက် | ၂၀၁၅ခုနှစ်၊ ဧပြီလ၊ ၉ရက် |
| **အဆိုပြုလွှာ နောက်ဆုံးထားတင်သွင်းရမည့်အချိန်** | **၂၀၁၅ခုနှစ်၊ ဧပြီလ၊ ၂၇ရက်၊ နေ့လယ် ၁၂နာရီ (GMT+6.30h)** |
| ပဏာမရွေးချယ်ခြင်း | ၂၀၁၅ခုနှစ်၊ ဧပြီလ ၂၇ရက်နေ့မှ မေလ ၈ရက်နေ့အထိ |
| နောက်ဆုံးအဆင့်ရွေးချယ်ခြင်း | ၂၀၁၅ခုနှစ်၊ မေလ ၁၁ရက်နေ့မှ ဇွန်လ ၁၉ရက်နေ့အထိ |
| ရန်ပုံငွေ သဘောတူညီမှု ဆွေးနွေးညှိနှိုင်းခြင်း | ၂၀၁၅ခုနှစ်၊ ဇူလိုင်လနှင့်ဩဂုတ်လ |

## နောက်ဆက်တွဲ ၁ အဆိုပြုလွှာများ၏လွှမ်းခြုံမှုအတိုင်းအတာ

တင်သွင်းသူသည် အဆိုပြုထားသော အကောင်အထည်ဖော်ဆောင်ရွက်ချက်များသည် ( http://www.lift-fund.org/strategy) နှင့် ( http://www.lift- fund.org/sites/lift-fund.org/files/uploads/Delta/Delta%203%20- %20programme%20framework%20-%20March%202015.pdf) တို့တွင် ဖော်ပြထားသည့် LIFT၏မဟာဗျူဟာနှင့် မြစ်ဝကျွန်းပေါ်-၃ စီမံကိန်း မူဘောင်တို့၏ အကျိုး ရလဒ်များ၊ လက်ငင်းအကျိုးများနှင့် မည်သို့မည်ပုံ လိုက်လျောညီညွတ်မှု ရှိကြောင်း ဖော်ပြနိုင်ရမည်။ LIFT၏ အခြား လမ်းညွှန်ချက်အားလည်း အလျဉ်းသင့်သလိုထည့်သွင်းစဉ်းစားရမည်။ LIFT၏ ကျား/မတန်းတူညီမျှမှုမဟာဗျူဟာ( http://www.lift-fund.org/guidelines)နှင့် LIFT၏ တာဝန်ခံမှု မူဘောင် ( http://www.lift-fund.org/beneficiary-accountability)တို့အား အထူးသတိပြုရမည်။

အဆိုပြုထားသော စီမံချက်များသည် တစ်ခုတည်း သို့မဟုတ်အပိုင်းများအလိုက် သက်ဆိုင်ရာ ရလဒ်များ တစ်စုတစ်ပေါင်း တည်းအားဖြင့် ပံ့ပိုးပါဝင်ရမည်ဖြစ်သည်။ တိုက်ရိုက်အာဟာရပြည့်ဝရေးဆိုင်ရာ စီမံချက်များ (ဥပမာ- ရေနှင့်သန့်ရှင်းရေး၊ မီးဖွားခြင်းအတွက်ငွေသားထောက်ပံ့မှု)ပါဝင်သော စီမံကိန်းများအား ပို၍ အားပေးသည်။ စီမံကိန်းတိုင်းသည် စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေးအပေါ်တွင် သက်ရောက်မှုရှိကြောင်းသက်သေပြနိုင်ရမည်ဖြစ်သည်။ အဆိုပြုလွှာများသည် ကျား/မ အရေးအား မည်သို့ကိုင်တွယ်ကျင့်သုံးမည့်အကြောင်း ရှင်းလင်းစွာ ဖော်ပြထားရမည်။

အဆိုပြုလွှာများအားလုံးသည် ဆင်းရဲနွမ်းပါးသူများ ဖွံ့ဖြိုးတိုးတက်လာရေး နှင့် ကျေးလက်စီးပွားဖွံ့ဖြိုးရေး တို့အပေါ်သက် ရောက်မှုရှိသော အသိုက်အဝန်းတစ်ခုဖန်တီးရန်အတွက် လေ့လာမှုပြုခြင်း၊ အကျိုးတူပူးပေါင်း ပါဝင်သူများအကြား ပူးပေါင်း ဆောင်ရွက်ခြင်းနှင့် မူဝါဒလွှမ်းခြုံရေးတို့တွင် မည်သို့မည်မျှ ပံ့ပိုးပါဝင်မှု

ဖြစ်မည်အကြောင်း ရှင်းလင်းစွာ တင်ပြထားရမည်။ အပိုင်း (၅) မှ ရလဒ် နှင့် တင်သွင်းအဆိုပြုထားသော ကူညီမှုပံ့ပိုးများသည် လျှောက်ထားမှုများအားလုံးတွင် ထည့်သွင်းစဉ်းစားရမည်။

အပိုင်း(၅)ခုအတွက် စုစုပေါင်း ဘတ်ဂျတ်လျာထားချက်မှာ အမေရိကန်ဒေါ်လာ ၁၆သန်းခန့်ဖြစ်သည်။ စီမံကိန်းသည် ၂၀၁၅ခုနှစ်၊ ဇူလိုင် ၁ရက်ဝန်းကျင်မှ ၂၀၁၈ခုနှစ် ဒီဇင်ဘာ မလွန်ခင်အထိဖြစ်သည်။

## **အပိုင်း ၁** လုပ်ကွက်ငယ်တောင်သူများအား ဆန်စပါးတန်ဖိုးကွင်းဆက်များ၌ အားဖြည့်ကူညီခြင်း

ရလဒ် ၁ – တောင်သူများသည် ဆန်စပါးရောင်းချခြင်းမှ ရရှိသည့်ဝင်ငွေများတိုးတက်ရမည်။

- လုပ်ကွက်ငယ်တောင်သူများသည် အရည်အသွေးမီ မျိုးစေ့များအား လွယ်ကူသက်သာစွာနှင့် ရေရှည် ရရှိရန်–
    - အရည်အသွေးမြင့်၊ အကောင်းဆုံးစွမ်းဆောင်ရည်များပေးနိုင်သော စံချိန်မီမျိုးစေ့များ လုံလုံ လောက်လောက် နှင့် ရေရှည်ပံ့ပိုးခြင်းအားဖြင့်လည်းကောင်း
    - ဒေသတွင်းမျိုးစေ့ထုတ်လုပ်သူများအား အသင်းအဖွဲ့အနေနှင့် စုစည်းပြီး အစိုးရနှင့် ပုဂ္ဂလိကမျိုးစေ့ ထုတ်လုပ်မှုစနစ်နှင့် ချိတ်ဆက်ပေး(စာကြွင်းအားကြည့်ရန်)ခြင်းအားဖြင့်လည်းကောင်း ဖော်ဆောင်ရမည် ဖြစ်သည်
- တိုးချဲ့ပညာပေးရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများအားဖြင့် ရင်းနှီးမြှုပ်နှံမှုများကို လုပ်ကွက်ငယ်တောင်သူများသည်အမြတ်အစွန်းပိုမိုရရှိအောင်ဆောင်ရွက်ရာတွင်–
    - ရေရှည်တည်တံ့သော အစိုးရနှင့်ပုဂ္ဂလိကပူးပေါင်းထားသည့် တိုးချဲ့ပညာပေးရေးလုပ်ငန်းနှင့် အကြံပေးဝန်ဆောင်မှုလုပ်ငန်းများအား ပံ့ပိုးပေးခြင်းအားဖြင့်သော်လည်းကောင်း
    - ဝန်ဆောင်မှုများသည် သုံးစွဲသူလိုအပ်ချက်အားအလေးထားပြီး အလွယ်တကူရယူနိုင်ကာ နည်းပညာပိုင်း အရခိုင်မာမှုရှိသည်သာမက နည်းပညာ ဗဟုသုတ(ဥပမာ–နွေစပါးအတွက်)၊ သင့်တော်၍ တွက်ခြေ ကိုက်သော ကုန်သွယ်ရေးရွေးချယ်ခွင့်များ၊ အရည်အသွေးမီသွင်းအားစု တင်ပို့ဖြန့်ချီသူများ၊ ငွေကြေးဝန်ဆောင်မှုများနှင့်ပါ ချိတ်ဆက်ပေးနိုင်မှုရှိခြင်းအားဖြင့် သော်လည်းကောင်း ဖော်ဆောင်ပေး ရမည်ဖြစ်သည်။

မှတ်ချက်။ ။လျှောက်ထားသူသည့်အကောင်အထည်ဖော်မည့် ဝန်ဆောင်မှုများ၏ စီးပွားဖြစ်တန်ဖိုး တစ်ခုခုရှိကြောင်း ပြသနိုင်ရမည်။

- လုပ်ကွက်ငယ်များသည် ပိုမိုကောင်းမွန်သောရိတ်သိမ်းချိန်လွန် စီမံခန့်ခွဲမှုအားဖြင့် အရည်အသွေးမြင့် ဆန်စပါးထုတ်လုပ်မှု နှင့်အမြတ်ဝင်ငွေတိုးတက်အောင်ဆောင်ရွက်ရာတွင်–
    - စပါးရိတ်သိမ်း၊ ခြွေလှေ့၊ အခြောက်ခံခြင်း နည်းစနစ်များ၊ စုဆောင်းသိုလှောင်ခြင်းနှင့် ဈေးကွက်ဝင်ရောက်ရေးဗျူဟာများ(ယင်းတွင် စာချုပ်လယ်ယာစနစ်၊ ထွက်ကုန်များစုပေါင်းခြင်း၊ အရည်အသွေးမြင့် ဈေးကွက်များသို့ ချိတ်ဆက်ခြင်း၊ အစရှိသည်တို့ပါဝင်နိုင်ပါသည်)ကို ပိုမိုကောင်းမွန်အောင်ပြုလုပ်ခြင်းဖြင့်အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။း၊
- ရပ်ရွာဒေသအဆင့်ဆင့်ရှိ တောင်သူလယ်သမား အဖွဲ့အစည်းများအား ၎င်းတို့အဖွဲ့ဝင်များထံသို့ အဆင့်မြင့်သော ဝန်ဆောင်မှုများ ပံ့ပိုးနိုင်သည့် ပညာရှင်အဆင့် တောင်သူလယ်သမားအဖွဲ့အစည်းများ

အဖြစ်သို့ရောက်ရှိအောင်အင်အားဖြည့်တင်းမည်။(ယင်းသို့ဖြစ်ပေါ်လာစေရန် ဖွဲ့စည်းပုံဆိုင်ရာ၊ စီမံခန့်ခွဲမှုဆိုင်ရာ၊ နည်းပညာနှင့်ငွေကြေးဆိုင်ရာပံ့ပိုးမှုများအား တောင်သူလယ်သမားအဖွဲ့အစည်းများသို့ ပေးရန်ဖြစ်သည်။)

*စာကြွင်း*။ ။ ကျေးလက် ချေးငွေလုပ်ငန်း(အခြား အဆိုပြုလွှာ ဖိတ်ခေါ်ခြင်းမှ စီမံခန့်ခွဲသည်)၊ အစိုးရပိုင် မျိုးစေ့ စနစ်သို့ တိုက်ရိုက် ထောက်ပံ့ခြင်း(ဖြစ်နိုင်ချေနည်းလမ်းများရှာဖွေဆဲ)

**အပိုင်း ၂ – မြေယာမဲ့များနှင့် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများအတွက် လယ်ယာပြင်ပ စီးပွားလုပ်ငန်းအခွင့်အလမ်းသစ်များအား လက်လှမ်းမီစေခြင်း**

---

ရလဒ် ၂ – လယ်ယာမဲ့များနှင့် ထိခိုက်လွယ် အိမ်ထောင်စုများ လယ်ယာပြင်ပ အလုပ်အကိုင်နှင့် စီးပွားအခွင့်အလမ်းမှ အမျိုးမျိုးသော ဝင်ငွေတိုးလာမည်။

- မြေယာမဲ့များနှင့် ထိခိုက်လွယ်သော အိမ်ထောင်စုများသည် အကျိုးအမြတ်ပိုများသော လယ်ယာပြင်ပ အလုပ်အကိုင်နှင့် သက်မွေးမှုလုပ်ငန်းအသစ်များအား အောက်ဖော်ပြပါအချက်များအားဖြင့် လက်လှမ်းမီနိုင်ကြမည်။
    - ဈေးကွက်အလားအလာကောင်းပြီး မြေယာလိုအပ်ချက်အကန့်အသတ်သာရှိသော ထုတ်လုပ်နိုင်စွမ်းရှိသည့် လုပ်ငန်းများကို ပံ့ပိုးမှု၊
    - ကျွမ်းကျင်မှု၊ နည်းပညာနှင့် စီးပွားရေး ဆိုင်ရာသင်တန်းများ၊
    - အိမ်ထောင်စုများအား ရင်းနှီးမြှုပ်နှံနိုင်ရန် ထောက်ပံ့ပေးခြင်း၊ ကနဦးချေးငွေများ၊ ကျေးလက်ချေးငွေလုပ်ငန်းများနှင့်ချိတ်ဆက်ပေးခြင်းတို့အားဖြင့် ပံ့ပိုးမှု၊
    - အသေးစားလယ်ယာစီးပွားလုပ်ငန်းများအား ပံ့ပိုးခြင်း တို့ဖြစ်ပါသည်။
- အသေးစားရေလုပ်ငန်းသမားများ သည် ့ရေလုပ်ငန်းများမှ ရေရှည်မြင့်မားသော အကျိုးရလဒ်များကို အောက်ဖော်ပြပါအချက်များအားဖြင့် လက်လှမ်းမီနိုင်ကြမည်ဖြစ်သည်။
    - ရေလုပ်ငန်းများ၊ ဆက်စပ်ထုတ်ကုန်လုပ်ငန်းများ၊ စုပေါင်းရောင်းဝယ်ဖောက်ကားခြင်း
    - ရေသယံဇာတနှင့် ငါးလုပ်ငန်းများအား ရေရှည်တည်တံ့၍တာဝန်ယူမှုရှိသော စုပေါင်းစီမံခန့်ခွဲမှုစနစ်အားဖြင့် အုပ်ချုပ်စီမံခြင်းတို့ဖြစ်သည်

**<u>စာကြွင်း</u>**။ ။ ကျေးလက် ချေးငွေလုပ်ငန်း(အခြားအဆိုပြုလွှာ ဖိတ်ခေါ်ခြင်းမှစီမံခန့်ခွဲသည်)။

**အပိုင်း ၃ – အာဟာရရရှိမှု တိုးမြှင့်ခြင်း**

---

ရလဒ် ၃ – ကျေးလက်နေအိမ်ထောင်စုများ၏ အာဟာရပြည့်ဝမှုရလဒ်များ တိုးတက်ကောင်းမွန်လာသည်။ (ကလေးများ ၏ အာဟာရချို့တဲ့ခြင်းကြောင့် ကြီးထွားမှုနှောင့်နှေးမှုနှုန်းသည် လျော့ကျလာသည်။)

- အစားအစာကျွေးမွေးမှု အလေ့အကျင့်များ ပိုမိုကောင်းမွန်လာစေရန် အောက်ပါအချက်များအားဖြင့် ပြုလုပ်နိုင်မည်ဖြစ်သည်း–
    - အာဟာရဆိုင်ရာ ပညာပေးခြင်းနှင့် မိခင်နို့တိုက်ကျွေးခြင်းကို မြှင့်တင်ပေးခြင်း၊ နို့စို့ကလေးနှင့် ကလေးငယ်များအား အစာအာဟာရကျွေးမွေးပုံနှင့် ကြည့်ရှုစောင့်ရှောက်ပုံပိုမိုကောင်းမွန်စေခြင်း၊ အိမ်တွင်းစိုက်ခင်းငယ်များအားပံ့ပိုးကူညီပေးခြင်း၊
    - ကိုယ်ဝန်ဆောင်မိခင်လောင်းများ၊ မိခင်နို့တိုက်ကျွေးသော မိခင်များနှင့် အသက် (၂) နှစ်အောက်ကလေးငယ်များ (ရက်၁၀၀၀ကာလ)များရှိသည့် သားသည်မိခင် အထောက်အကူပြုငွေသားတိုက်ရိုက်ပေးအပ်ခြင်း၊
    - ကိုယ်ဝန်ဆောင်မိခင်လောင်းများနှင့် ကလေးသူငယ်များအတွက် အာဟာရကြွယ်ဝသော အစားအစာများ လွယ်လင့်တကူရရှိနိုင်မှုအား မြှင့်တင်ပေးခြင်း၊

တစ်ကိုယ်ရည်သန့်ရှင်းမှုအလေ့အထများပိုမိုကောင်းမွန်လာအောင်အောက်ပါအချက်များအားဖြင့်ရရှိနိုင်မည်ဖြစ်သည်–

- တစ်ကိုယ်ရည်သန့်ရှင်းရေး အသိပညာဖြန့်ဝေခြင်းနှင့် ရပ်ရွာတွင်း အညစ်အကြေးစွန့်ပစ်ခြင်းအတွက် ဝန်ဆောင်မှုများပေးခြင်း၊
- မြို့နယ်နှင့်ကျေးရွာအလိုက် ရေနှင့်သန့်ရှင်းရေးဆိုင်ရာ အခြေခံအဆောက်အအုံများအတွက် နည်းပညာများပံ့ပိုးပေးခြင်း တို့ဖြစ်ပါသည်။

## အပိုင်း ၄ – ထိခိုက်လွယ်ဆုံးသော အိမ်ထောင်စုများ ၏ ခံနိုင်ရည်အား မြှင့်တင်ပေးခြင်း

ရလဒ် ၄ – ကျေးလက်နေအိမ်ထောင်စုများသည် ရုတ်တရက်ပေါ်ပေါက်လာသောဘေးဒုက္ခများနှင့် ဖိစီးကြောင့်ကြမှုများအပေါ် ခံနိုင်ရည်ရှိလာသည်။ ယင်းအခြေအနေသို့ရောက်ရှိအောင် အောက်ပါအချက်များက ဖော်ဆောင်ပေးမည်ဖြစ်သည်–

- လယ်ယာပြင်ပအလုပ်အကိုင်အခွင့်အလမ်းများမှ ရရှိသော အမျိုးမျိုးသော ဝင်ငွေရရှိစေခြင်း
- ဒေသတွင်း ရပ်ရွာအခြေပြု လူမှုဖူလုံရေးစနစ်များနှင့် ကျေးရွာလူမှုဖူလုံရေးရန်ပုံငွေများအား ပံ့ပိုးကူညီခြင်း၊
- ထိခိုက်လွယ်အိမ်ထောင်စုများထံသို့ လိုအပ်ချက်အရ အခြေအနေပေါ် မူတည်သည့်တိုက်ရိုက် ငွေပံ့ပိုးပေးခြင်း၊
- ဌာနဆိုင်ရာအာဏာပိုင်များ၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ နှင့် ချိတ်ဆက်မှု ကောင်းမွန်စေရန် ဘေးအန္တရာယ်တုံ့ပြန်နိုင်ရေး အစီအစဉ်များရေးဆွဲခြင်း၊ ကျေးရွာအဆင့် လုပ်ဆောင်ချက်အစီအစဉ်များနှင့် သဘာဝဘေးအန္တရာယ်လျှော့ချခြင်း(DRR)အစီအစဉ်များအားကြိုတင် ပြင်ဆင်ထားရှိခြင်းတို့ ဖြစ်ပါသည်။

**အပိုင်း ၅ – ဆင်းရဲနွမ်းပါးသူများအားအကျိုးဖြစ်ထွန်းစေသော မူဝါဒများနှင့် အကျိုးတူပူးပေါင်း ပါဝင်သူများ၏ ပူးပေါင်းဆောက်ရွက်မှုအား ပံ့ပိုးခြင်း**

---

ရလဒ် ၅ ပိုမိုကောင်းမွန်သော အစိုးရ မူဝါဒများ၊ အသုံးစရိတ်များအားဖြင့် ကျေးလက်စီးပွား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးသူတို့၏ အသက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းများ တိုးတက်မြင့်မားလာရေးတို့အတွက် အကောင်အထည်ပေါ်သည်။

- အကျိုးခံစားခွင့်ရှိသူများအပါအဝင် သက်ဆိုင်သည့်ပူးပေါင်းပါဝင်သူများ၊ မိတ်ဖက်အဖွဲ့အစည်း များ၊ ဒေသခံအရပ်ဘက်အဖွဲ့အစည်းများ(CSOs)နှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများသည် သတင်း အချက်အလက်များနှင့် အသိပညာဗဟုသုတများ အပြန်အလှန်ဖလှယ်၍ ဆောင်ရွက်ဆဲဖြစ်သော စီမံကိန်းပုံစံနှင့် မူဝါဒဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများအတွက် အောက်ဖော်ပြပါအချက်များဖြင့် ဆောင်ရွက်မည်။
    - LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများအကြားရှိ ပူပေါင်းဆောင်ရွက်ရေးနှင့် လေ့လာရေး အစီအစဉ်များ
    - စာတမ်းလေ့လာပြုစုမှုများ၊ မှတ်တမ်းပြုစုထားသောသင်ခန်းစာများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် လေ့ကျင့်ရေးသင်တန်းများ အစရှိသည့် သင့်လျော်ရာ အသိပညာစီမံခန့်ခွဲမှု အစီအစဉ်များ၊
    - အသိပညာပေးစာစောင်များ (IEC) ထုတ်လုပ်ဖြန့်ဝေမှုများ
    - လက်တွေ့အသုံးချနိုင်သည့် အသိပညာများ ပေးရန် နှင့် ထောက်ခံမှုရှိသော အစီအစဉ်များ ထုတ်ဖော်နိုင်ရန်အတွက် မိတ်ဖက်အဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် အစိုးရ ဝန်ထမ်းများအား စွမ်းရည်မြှင့်သင်တန်းများပေးခြင်း
- ချိတ်ဆက်မှုတိုးတက်လာသော အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများ
    - ကျေးရွာများနှင့် မြို့နယ်များအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ဆက်သွယ်ရေးလမ်းကြောင်းများ အားကောင်းလာသည်။
    - ကျေးရွာနှင့် လူထုအခြေပြုအဖွဲ့အစည်း(CBO)ခေါင်းဆောင်များ၏ စွမ်းရည်များ တိုးတက်လာသည်။

**ရန်ပုံငွေ ခွဲဝေချထားခြင်း**

| အဆိုပြုလွှာ ရန်ပုံငွေများ ခွဲဝေချထားခြင်း (USD) | | | | | |
|---|---|---|---|---|---|
| အပိုင်း ၁ | အပိုင်း၂ | အပိုင်း၃ | အပိုင်း၄ | အပိုင်း၅ | စုစုပေါင်း |
| ဒေါ်လာ ၆သန်း | ဒေါ်လာ ၃သန်း | ဒေါ်လာ ၄သန်း | ဒေါ်လာ ၂သန်း | ဒေါ်လာ ၁သန်း | ဒေါ်လာ ၁၆သန်း |

**နယ်မြေဒေသ လွှမ်းခြုံမှုအနေအထား**

ဧရာဝတီတိုင်းဒေသကြီးရှိ ဘိုကလေး၊ လပွတ္တာနှင့် မော်လမြိုင်ကျွန်း (၃)မြို့နယ်တွင် အဓိကထား၍ ကျေးရွာအခြေပြုစီမံချက်များအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။ ဤဦးတည်ဒေသများအား

ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန်အတွက် ပုဂ္ဂလိကနှင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများအား ထောက်ကူပံ့ပိုးပေးနိုင်သော မြို့များလည်းပါဝင်ပါသည်။

အဆိုပြုလွှာများသည် မည်သည့်မြို့နယ်၊ အကျယ်အဝန်းများနှင့် ကျေးရွာမည်မျှတွင် လုပ်ဆောင်မည်ကို တိကျရှင်းလင်းစွာ ဖော်ပြထားရမည်။

LIFTသည် အဆိုပြုလွှာခေါ်ယူခြင်းတွင် နောက်ဆုံးအဆင့်ရွေးချယ်ခံရသော အဆိုပြုလွှာများအနက် အချို့သော အဆိုပြုလွှာများအတွက် ရည်မှန်းထားသည့် အမျိုးမျိုးသော ဆောင်ရွက်ချက်များအကြား တစ်စုတစ်စည်းတည်း ဖြစ်စေရန် နှင့် လိုအပ်သော လွှမ်းခြုံမှုများ ရရှိနိုင်ရန်အတွက် ဆွေးနွေးညှိနှိုင်းမွမ်းမံမှုများလုပ်ဆောင်မည် ဖြစ်သည်။ အဆိုပြုထားသော စီမံချက်ကို ထိရောက်၊ အသုံးဝင်ကာ လိုက်လျောညီထွေဖြစ်စေရန်အတွက် အခြားအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ရန် အဆိုပြုလွှာတင်သွင်းသူများအား တိုက်တွန်းအားပေးပါသည်။

## မိတ်ဖွဲ့ဆောင်ရွက်မှု

အဆိုပြုလွှာတင်သွင်းသူများအနေဖြင့် ၎င်းတို့အဖွဲ့အစည်းနှင့် မိတ်ဖက်အဖွဲ့အစည်းတို့သည် သက်ဆိုင်ရာ ကျွမ်းကျင်မှု ပြည့်ဝကြောင်းနှင့် အောင်မြင်စွာလုပ်ဆောင်ခဲ့သော အတွေ့အကြုံများကို ဖော်ထုတ်ပြသရမည်ဖြစ်သည်။

အဆိုပြုလွှာတင်သွင်းခြင်းတွင် အခြားအဖွဲ့အစည်းများနှင့်မိတ်ဖွဲ့ပူပေါင်းခြင်းအတွက် စည်းမျဉ်းဥပဒေမရှိသော်လည်း LIFTအနေနှင့် သင့်တော်မှန်ကန်သော ပညာရှင်များစုဖွဲ့ပါဝင်မှုအား အလေးထားပါသည်။ ထို့အဖွဲ့အတွင်း၌ သင့်တင့်သော အတွေ့အကြုံနှင့် လက်ရှိတည်ရှိနေသော ဒေသတွင်းလူမှုအဖွဲ့အစည်းများ၊ အစိုးရဌာနများ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများ အစရှိသည်တို့နှင့် ချိတ်ဆက်ဆောင်ရွက်မှုများအား တတ်နိုင်သရွေ့ဆက်လက်လုပ်ဆောင်နိုင်ရန်အားပေးပါသည်။ မိတ်ဖွဲ့အဖွဲ့၏ ဆောင်ရွက်ချက်များသည် အဓိကအားဖြင့် LIFT၏ အာဟာရပြည့်ဝရေး ရလဒ်များနှင့် ညီညွတ်၍ အထောက်အပံ့ဖြစ်ရမည်။

## နောက်ဆက်တွဲ ၂ – အဆိုပြုလွှာတင်သွင်းခြင်းအတွက် သတ်မှတ်ပုံစံနှင့် လိုအပ်ချက်များ

အဆိုပြုလွှာသည် အောက်ဖော်ပြပါ သတ်မှတ်ပုံစံလိုအပ်ချက်များနှင့် ပြည့်မှီညီညွတ်ရမည်။

တင်သွင်းမှုသည် ဤအဆိုပြုလွှာ ခေါ်ယူခြင်း၏ အဓိကအပိုင်း၌ ဖော်ပြခဲ့သည့်အတိုင်း အီးမေးလ်နှင့်သာမက စာရွက်မိတ္တူကိုပါ ပေးပို့ရမည်ဖြစ်သည်။

စာမျက်နှာ (၂၀) ထက်မပိုစေရပါ။ (Times New Roman စာလုံးပုံစံ၊ စာလုံးအရွယ်အစား၁၂ကိုသာ အသုံးပြု၍ စာမျက်နှာပတ်လည် အနားသတ် ၁လက်မ အနည်းဆုံး ခွာထားရမည်။) စာမျက်နှာနံပါတ်များပါရှိရမည်။ နောက်ဆက်တွဲများအဖြစ် အသေးစိတ် ချဉ်းကပ်ပုံများ၊ အသုံးပြုမည့်နည်းလမ်းများ၊ ရည်ညွှန်းချက်များ၊ မြေပုံများ အစရှိသည်ဖြင့် ပါဝင်နိုင်ပြီး နောက်ဆက်တွဲများသည်လည်း စာမျက်နှာ (၂၀)ထက် မပိုရပါ။

အီးမေးလ်ဖြင့် ပေးပို့ရာတွင် ၅ မဂ္ဂါဗိုက် ထက်မကျော်ရပါ။

LIFT သည် အထက်ဖော်ပြပါ ပုံစံနှင့်စာမျက်နှာကန့်သတ်ချက်များနှင့် ကိုက်ညီသော အဆိုပြုလွှာများကိုသာ ဆက်လက်စဉ်းစားသွားမည်ဖြစ်ပြီး အခြားပုံစံဖြင့်တင်သွင်းထားသော အချက်အလက်များအား လက်ခံစဉ်းစားမည် မဟုတ်ပါ။

လျှောက်ထားသူသည် အဆိုပြုထားသော စီမံကိန်းအား LIFT မှ ကောင်းမွန်စွာနားလည် အကဲဖြတ်နိုင်ရန်အတွက် လိုအပ်နိုင်သော သတင်းအချက်အလက်ဟူသမျှ ထည့်သွင်းနိုင်သည်။ ဤအပိုင်း၏ ကျန်ရှိသော အကြောင်းအရာများသည် LIFT မှ လျှောက်ထားသူများအားလုံး မဖြစ်မနေထည့်သွင်းရမည်ဟု သတ်မှတ်ထားသည့် အချက်အလက်များဖြစ်သည်။

အဆိုပြုလွှာများသည် အောက်ဖော်ပြပါအချက်များနှင့် ပြည့်စုံရမည်။

### မျက်နှာဖုံးစာမျက်နှာ

စီမံချက် ခေါင်းစဉ်၊ အမည်နှင့် တင်သွင်းသူ၏ ဆက်သွယ်ရန် လိပ်စာ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ လုပ်ဆောင်မည့် နေရာဒေသ၊ မျှော်မှန်းထားသည့် စီမံချက်သက်တမ်း၊ စတင်ချိန်နှင့်ပြီးစီးချိန်၊နှင့် စုစုပေါင်း လျာထားငွေ။

### နိဒါန်းစာမျက်နှာများ

မာတိကာ ဇယား၊ အတိုကောက်စာလုံး စာရင်း၊ မြေပုံ၊ အနှစ်ချုပ် တို့ပါဝင်သည်။

### စီမံချက်နောက်ခံသမိုင်းနှင့် အခြေခံအကြောင်းအရာ

စီမံကိန်း၏ မူရင်းစိတ်ကူးစိတ်သန်း၊ ပြဿနာ အခြေခံအကြောင်းအရာနှင့် စီမံချက်၏အဓိကအကြောင်းအရာများအား ဖော်ပြပေးရမည်။ တင်သွင်းထားသော စီမံချက်သည် LIFT၏ မဟာဗျူဟာ၊ မြစ်ဝကျွန်းပေါ်-၃ စီမံကိန်း၏ ဦးစားပေးအချက်များနှင့် မည်သို့ ဆက်စပ်မှုရှိပုံအချက်များကို တင်ပြ၍ အတွေ့အကြုံများမှ ရရှိခဲ့သော သင်ခန်းစာများနှင့် လေ့လာမှုများသည် စီမံကိန်း၏ပုံစံအား မည်သို့ သက်ရောက်မှုရှိကြောင်းကို အကြမ်းဖျဉ်းတင်ပြရမည်ဖြစ်သည် မိမိတို့သိရှိသလောက် လစ်ဟာမှုတစ်စုံတစ်ရာရှိပါက ဖော်ထုတ်တင်ပြရမည် နိုင်ငံတော်အစိုးရ၏ ဖွံ့ဖြိုးရေးကဏ္ဍအတွက် ဦးစားပေး အချက်များ၊ အစီအစဉ်များ နှင့် မည်သို့

လိုက်လျောညီထွေမှုရှိကြောင်း(မရှိပါက အဘယ်ကြောင့်ဖြစ်ကြောင်း)၊ တူညီသောနယ်ပယ်မှ အခြားဖွံ့ဖြိုးရေး လုပ်ဆောင်သူများ၏ဦးစားပေးလုပ်ဆောင်ချက်များနှင့်ပါ ညီညွတ်မှုရှိ၊ မရှိ ရှင်လင်းတင်ပြပေးရပါမည်။

အောက်ပါအချက်များပါဝင်သော အဆိုပြုလွှာအား ပြင်ဆင်စဉ်က အဓိကထားဆွေးနွေးခဲ့သော ရလဒ်များအား ထည့်သွင်း ဖော်ပြပါ။

- မည်သူနှင့် တိုင်ပင်ဆွေးနွေးခဲ့သနည်း (ဥပမာ– အခြားဖွံ့ဖြိုးရေးလုပ်ငန်းမိတ်ဖက်များ၊ အစိုးရဌာနများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊)
- စီမံချက်အနေအထားနှင့်ဆောင်ရွက်မည့်ပုံစံများနှင့်ပါတ်သက်သော အကြောင်းကိစ္စများ
- အခြားသော အဓိကပူးပေါင်းပါဝင်သူများ၏ အမြင်ကို အနှစ်ချုပ်ဖော်ပြခြင်း။

### စီမံချက် ပြောင်းလဲမှုသီအိုရီ

ပြောင်းလဲမှုသီအိုရီ(အတွေးအခေါ်)အား ရုပ်ပုံကားချပ်ပုံစံနှင့် သိသာရှင်းလင်းစွာ ဖော်ပြရမည်။ အဆိုပါ ပြောင်းလဲမှုဆိုင်ရာ သီအိုရီသည် LIFT၏ ရလဒ်မူဘောင်(ရည်ညွှန်း– LIFT မဟာဗျူဟာ) နှင့် မြစ်ဝကျွန်းပေါ်–၃ စီမံကိန်း၏ ရလဒ်များ နှင့် စီမံကိန်းသည် မည်မျှကိုက်ညီမှုရှိကြောင်း ရှင်းလင်းစွာဖော်ပြထားရမည်။

တိုင်းတာမှုမှုများအား အဆိုပြုလွှာ၏ နောက်ဆက်တွဲစာမျက်နှာ၌ ဖော်ပြထားရမည်။

### လုပ်ငန်းဆောင်ရွက်မှုများ၊ နည်းပညာဆိုင်ရာ ချဉ်းကပ်မှု၊ နည်းစနစ်နှင့် လွှမ်းခြုံမှု

ဤအပိုင်းသည် စီမံကိန်းမှ ဦးတည်ထားသော နေရာဒေသများ(မြို့နယ်(များ)၊ ကျေးရွာအရေအတွက်၊ ကျေးရွာအမည်၊ တည်နေရာ၊ လူဦးရေ)နှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရရှိသော အကျိုးခံစားရရှိသူဦးရေ (သက်ဆိုင်ရာအုပ်စုအလိုက်ခွဲ၍) တို့ကို ဖော်ပြထားသည်။

*လုပ်ငန်းဆောင်ရွက်မှုနှင့် နည်းစနစ်ရှင်းလင်းဖော်ပြချက်*သည် **မည်သည်အရာအား မည်သို့သောနည်းနှင့်၊ မည်သူများမှ မည်သည့်အချိန် တွင် မည်သည့်နေရာ၌** လုပ်ဆောင်မည်ကို လုံလုံလောက်လောက် သေသေချာချာ ဖော်ပြထားရန်လိုအပ်သည်။ ဤနေရာတွင် မျှော်မှန်းထားသော ရလဒ်များရရှိနိုင်ရန်အတွက် လုပ်ဆောင်မည်အရာများအား နည်းပညာဆိုင်ရာချဉ်းကပ်မှု၊ နည်းစနစ်များနှင့်တကွ တိကျစွာရှင်းလင်းသော ဖော်ပြချက်များပါဝင်ရမည်။ လုပ်ငန်းလုပ်ဆောင်ချက်များနှင့် မြစ်ဝကျွန်းပေါ်–၃၏ ရလဒ်များအကြားတွင် ရှင်းလင်းပြီး တိုက်ရိုက်ကျသော ဆက်စပ်မှုကြောင်း အထောက်အထားနှင့်တကွ ရှိရမည်။ ဆိုလိုသည်မှာ အသုံးချမည့် နည်းပညာ၊ နည်းစနစ်များသည် မျှော်မှန်းထားသော ရလဒ်၊ အကျိုးကျေးဇူးများပေးနိုင်သော ဆောင်ရွက်မှုများဖြစ်ကြောင်း ရှင်းရှင်းလင်းလင်းဖော်ပြရမည်။

*အကျိုးတူပူပေါင်းပါဝင်သူများ ဆန်းစစ်ချက်*သည် တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်၍ရရှိမည့် အကျိုးခံစားခွင့်ရှိသူများနှင့် စိတ်ဝင်စားမှု နယ်ပယ်များအလိုက် ပါဝင်ကြသော အဖွဲ့အစည်းများနှင့် တသီးပုဂ္ဂလများအား ထည့်သွင်းဖော်ပြထားရမည်။

အောက်ဖော်ပြပါတို့သည်လည်း အရေးကြီးပါသည်။

- အစိုးရ နှင့် မည်သို့မည်ပုံ ပူးပေါင်းဆောင်ရွက်ပြီး ပုဂ္ဂလိကကဏ္ဍများနှင့်မည်သို့ချိတ်ဆက်သွားမည် အကြောင်း တိကျရှင်း လင်းစွာဖော်ပြထားရမည်
- ဒေသတွင်း အဖွဲ့အစည်းများ၏ ပါဝင်မှုအခန်းကဏ္ဍနှင့် အထောက်အပံတစ်စုံတစ်ရာ၊ အဖွဲ့အစည်း အသစ်များ တည်ထောင်ရန်ရည်ရွယ်ထားပါက ၄င်းတို့နှင်ဆိုင်သည့် အသေးစိတ်ကို အကြောင်းပြချက် နှင့်တကွ ဖော်ပြထားရမည်။
- အဖွဲ့အစည်း၏ ဖွဲ့စည်းပုံနှင့်ပါတ်သက်ပြီး အသစ်ပြင်ဆင်ရခြင်း၊ တိုးမြှင့်ခြင်းများရှိလာပါက ပါဝင်လာသော ရေရှည် ပံ့ပိုးမှုများ အကြောင်းထည့်သွင်းရှင်းလင်းရမည်။

လုပ်ငန်းဆောင်ရွက်မှုပုံစံသည် ရုပ်ပုံကားချပ်များပုံစံ (ဇယား၊ LIFTမှ သတ်မှတ်ထားပုံစံဖြစ်ပါက ပိုကောင်းပါသည်)နှင့် ပေးပို့ပြီး နောက်ဆက်တွဲစာမျက်နှာများအဖြစ် ထည့်သွင်းနိုင်သည်။ ၎င်းသည် အဓိက လုပ်ဆောင်ချက်များ၊ အကောင်အထည်ဖော်မှု ရည်မှန်းချက်ပန်းတိုင်များအား အစဥ်လိုက် ဖော်ပြရန်လိုပြီး နောက်ဆုံးအဆင့်အထိ တစ်ဆင့်ချင်းစီအတွက် စတင်အကောင်ထည်ဖော်မည့်ရက်၊ ပြီးစီးမည့်ရက်များပါ ဖော်ပြပေးရမည်။ လိုအပ်သလို အသေးစိတ်အချက်များ ပေးနိုင်ရမည်။ လုပ်ငန်းဆောင်ရွက်မှုပုံစံသည် အကောင်အထည်ဖော်မည့် အဆင့်တိုင်းနှင့် သဟဇာတဖြစ်ရန်လိုပြီး လုပ်ဆောင်ချက်များအားလုံးကို ရန်ပုံငွေရရှိသော စီမံချက် အစမှအဆုံးထိ ဂရုတစိုက်ဆောင်ရွက်သွားရမည်။ ရာသီဥတုအပါအဝင် အခြား အဟန့်အတား ဖြစ်စေနိုင်သော အချက်များလည်း ထည့်သွင်းစဥ်းစားထားရမည်။ လိုအပ်သော ရည်မှန်းချက်ပန်းတိုင်အလိုက် အစီရင်ခံစာများနှင့် စောင့်ကြည့်အကဲဖြတ်မှု ပြန်လည်သုံးသပ်ချက်များလည်း လုပ်ငန်းဆောင်ရွက်မှုပုံစံအတွင်းတွင် ပါဝင်ရမည်။

### တင်သွင်းသော အဖွဲ့အစည်း၏ ဖွဲ့စည်းပုံနောက်ခံသမိုင်းနှင့် ဝန်ထမ်းရေးရာ၊ စီမံအုပ်ချုပ်မှု/ ပူးပေါင်းလက်တွဲမှုနှင့် မိတ်ဖက်ဖွဲ့စည်းမှု

ဤအပိုင်းတွင် အဆိုတင်သွင်းသော အဖွဲ့အစည်းတွင် အဆိုပြုသော စီမံကိန်းအား အောင်မြင်စွာ လုပ်ဆောင်ရန် အတွေ့ အကြုံ၊ စွမ်းရည်နှင့် အမှန်တကယ်တာဝန်ယူလုပ်ဆောင်လိုစိတ်တို့ရှိကြောင်း ရှင်းရှင်းလင်းလင်း ဖော်ပြထားရမည်။ အောက်ပါအချက်များပါဝင်ရမည်။

- အဖွဲ့အစည်းအမျိုးအစား – လူထုအခြေပြုအဖွဲ့အစည်း၊ ပြည်တွင်း အစိုးရမဟုတ်သောအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်း၊ သုတေသန (သို့) လေ့ကျင့်သင်တန်းကျောင်း စသည်ဖြင့် မည်သည့်အဖွဲ့အစည်းဖြစ်ကြောင်း၊
- ဖွဲ့စည်းချဉ်းကပ်ပုံ(အတွေးအခေါ်ယုံကြည်မှု)၊ အဖွဲ့အစည်း၏ ရည်ရွယ်ချက်နှင့် အဓိကလုပ်ဆောင်မှုများနှင့် သင့်တင့်သော အတွေ့အကြုံများ၊
- တည်ထောင်မှုသက်တမ်းနှင့် ဥပဒေအရ တရားဝင်မှု – အစိုးရအသိအမှတ်ပြု မှတ်ပုံတင်ထားမှု ရှိ/မရှိ
- အဖွဲ့အစည်း၏အတွင်း၊ အပြင်သို့ နည်းပညာ ကျွမ်းကျင်မှုပျံ့နှံ့ရောက်ရှိအောင် ဆောင်ရွက်မှု
- မည်သည့်ရည်ရွယ်ချက်များနှင့် မည်သည့်ကာလကတည်းက စတင်၍ မိတ်ဖက်ဖွဲ့စည်းခဲ့သည့် ရှင်းလင်းဖော်ပြချက် အစရှိသည်တို့ ဖြစ်သည်။

အကြီးတန်းဝန်ထမ်း(ပြည်တွင်း၊ ပြည်ပ)၊ (ဥပမာ–အဖွဲ့၏ဦးစီး၊ စီမံချက် ညွှန်ကြားရေးမှူး၊ အကြီးတန်း နည်းပညာ အကြံပေး နှင့် ဘဏ္ဍာရေးမှူးချုပ်) အစရှိသောသူများ၏ ကိုယ်ရေးရာဇဝင်များပါ ပါဝင်သော စီမံကိန်း၏ ဖွဲ့စည်းပုံအကျဉ်းချုပ်အား ထည့်သွင်းပေးရမည်။

စီမံကိန်းအကောင်အထည်ဖော်ခြင်းအတွက်လိုအပ်သော ကျွမ်းကျင်သူများကို မည်သို့ငှါးရမ်းမည်(ဆိုလိုသည်မှာ အဖွဲ့အစည်းအတွင်း၊ ပြင်ပအတိုင်ပင်ခံမှတဆင့်နှင့် မိတ်ဖက်အဖွဲ့၏ပူးပေါင်းမှုမှတဆင့်) နှင့် အကောင်အထည်ဖော်ရာတွင် ၄င်းတို့ အခန်းကဏ္ဍများကို ရှင်းလင်း တင်ပြရမည်။ မိတ်ဖက်အဖွဲ့များသည် မည်သူဖြစ်ကြောင်း၊ ၎င်းတို့အား မည်သို့သိရှိခဲ့ကြောင်းနှင့် ၎င်းတို့သည် မည်သို့ ပူးပေါင်းပါဝင်ကြမည့် အကြောင်းရှင်းပြပါ။ အဓိကလက်တွဲမည့် မိတ်ဖက်အဖွဲ့အစည်းများ၏ စီမံချက်ပုံစံရေးဆွဲရာတွင် ၎င်းတို့ ပါဝင်ခဲ့ကြောင်းနှင့် တင်သွင်းသူနှင့် လက်တွဲလိုစိတ်ရှိကြောင်း ဖော်ပြချက်များပါဝင်သည့် စာတစ်စောင်အား ထည့်သွင်းဖော်ပြရမည်။

ဤအပိုင်းသည် စီမံအုပ်ချုပ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု အစီအဉ်များနှင့် ဒေသခံပြည်သူ၏ ပိုင်ဆိုင်မှုအား စီမံကိန်းမှ မည်သို့တိုးမြှင့်မည့်အကြောင်းများအား ရှင်းလင်းတင်ပြရမည်။

### အခြားဆက်စပ်လျက်ရှိသော အရေးကိစ္စများ

ဤအပိုင်းတွင် အဓိကယှက်နွယ်နေသောအရေးများအားဖော်ပြပြီး ၎င်းတို့သည် စီမံကိန်းအပေါ် မည်သို့ သက်ရောက်မှုရှိကြောင်းနှင့် မည်သို့ကိုင်တွယ်ဖြေရှင်းမည့်အကြောင်း(ဥပမာ–ကျားမရေးရာ၊ အာဟာရ၊ ရွှေ့ပြောင်းနေထိုင်ခြင်း၊ မသန်စွမ်းမှု အပါအဝင် လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး) ထည့်သွင်းတင်ပြရမည်။

### အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရေးအတွက် စွန့်စားရနိုင်ချေများ

စီမံချက်လုပ်ငန်းများမှ ပေါ်ထွက်လာနိုင်သည့် စွန့်စားရနိုင်ခြေများ နှင့်/သို့မဟုတ် စီမံချက်မှ မျှော်မှန်းထားသည့် ရလဒ်များ မပေးနိုင်သည့်အခါ အဓိက စွန့်စားရနိုင်ခြေအချက်များအား စာရင်းပြုစုဖော်ထုတ်ပါ။ ဌာနတွင်းအနေအထား(ဥပမာ–နည်းပညာအားဖြင့် သတ်မှတ်ထားသည့်အတိုင်းလုပ်ဆောင်နိုင်မှုမရှိခြင်း) နှင့် ပြင်ပအခြေအနေများ(ဥပမာ–အစိုးရ၏ မူဝါဒအပြောင်းအလဲများ)စသည်တို့ ထည့်သွင်းဖော်ပြရမည်။ လျှော့ပေါ့သက်သာစေမည့် နည်းဗျူဟာများ၊ ဒီဇိုင်းပုံစံအတွင်း စွန့်စားရနိုင်ချေများအားမည်သို့ သိရှိကိုင်တွယ်ဖြေရှင်းနိုင်ကြောင်း အချက်အလက်ပြုစုဖော်ပြရမည်။ အဆိုပြုလွှာမှ အခြေပြုထားသော အဓိကယူဆချက်များအား ထည့်သွင်းဖော်ပြရမည်။

### စောင့်ကြည့် သုံးသပ်အကဲဖြတ်ရေး (M&E) နှင့် အသိအမြင်ဗဟုသုတစီမံခန့်ခွဲမှု

ဤအပိုင်းသည် LIFT၏ M&E/လေ့လာရေး လမ်းညွှန်ချက်အား လိုက်နာရမည်ဖြစ်သည်(LIFT ဝက်ဆိုဒ်မှ အဆိုပြုလွှာခေါ်ယူခြင်း စာတမ်းများအား ရည်ညွှန်းသည်)။ စီမံချက်များအားလုံးသည် အဓိက အစိတ်အပိုင်း

(၃)ပိုင်းဖြစ်သော (၁) စီမံချက်၏ ပြောင်းလဲမှုဆိုင်ရာသီအိုရီ၊ (၂) စီမံချက်၏ သုံးသပ်အကဲဖြတ်ခြင်းနှင့် လေ့လာရေး အစီအစဉ်နှင့် (၃) စီမံချက် တိုင်းတာမှု အစီအစဉ်တို့ ပါဝင်သော M&E/လေ့လာရေး မူအား တင်သွင်းရမည်ဖြစ်သည်။

မိတ်ဖက်အဖွဲ့အစည်းများက ကွင်းဆင်းရရှိသော အခြေခံအချက်အလက်များ(ဥပမာ– လုပ်ငန်းများလုပ်ဆောင်ရာတွင် ပါဝင်သော ကျေးရွာများ၊ အိမ်ထောင်စုများ၊ ကျား/မ ခွဲခြားဖော်ပြထားသော အချက်အလက်များ)အား တင်ပြရန်လိုအပ်ပြီး LIFT ၏ logframeမှ အခြေခံထားသော အချက်အလက်ကောက်ယူမှုအား ရန်ပုံငွေစီမံခန့်ခွဲသူ (FM) မှ တိုက်ရိုက်စီမံမည်ဖြစ်သည်။ စီမံချက်မှ ကတိပြုထားသည့် သီးခြားရလဒ်များနှင့် သက်ရောက်မှုများ ဖော်ပြသည့် LIFT M&E မူဘောင်ကိုမူ အစီရင်ခံရန်လိုအပ်သည်။

မူဘောင်သည် စီမံချက် အကောင်အထည်ဖော်ခြင်း၊ အပြီးသတ်ခြင်းများအတွက် လိုအပ်သော စောင့်ကြည့်လေ့လာ အကဲဖြတ်မှုများအား တည့်သွင်းစဉ်းစားရန်လိုအပ်သည်။ အောက်ဖော်ပြပါ အဓိက အချက်များအား ကိုင်တွယ်ဖြေရှင်းရန် အကြံပြုထားသည်။

- ၀ သင့်လျော်သော စီမံချက် အခြေခံလေ့လာချက်များ ပြုလုပ်ရန်၊
- ၀ စီမံချက်၏ ရလဒ်များနှင့် သက်ရောက်မှုအား မည်သို့မည်ပုံ တိုင်းတာရန်၊
- ၀ တိုင်းတာမှုမှုအရ ချမှတ်ထားသော ရည်မှန်းချက်ပန်းတိုင်များ၊ အဆင့်များ ရရှိမှုများအားဖြင့် စီမံချက် လုပ်ငန်းများလည်ပတ်မှုကို မည်သို့မည်ပုံ မျက်ခြေမပြတ်စောင့်ကြည့်နိုင်ရန်၊
- ၀ ရရှိလာသော တုံ့ပြန်ချက်များအရ စီမံချက်ပုံစံနှင့်အစီအစဉ်များ၏ ကြားကာလ ညှိနှိုင်းပြင်ဆင်ချက်များကို မည်သို့မည်ပုံလုပ်ဆောင်ရန် တို့ဖြစ်ပါသည်။

စီမံချက်၏ ရလဒ်နှင့် အဆင့်အလိုက်ပေးရန်ရှိသည်များအတွက် တိတိကျကျ တိုင်းတာမှုပြုနိုင်သော အညွှန်းကိန်း များအား ထည့်သွင်းဖော်ပြပြီး စောင့်ကြည့်လေ့လာအကဲဖြတ်ရေး အခြေခံအုတ်မြစ်ကို ဖော်ဆောင်ရန် ဖြစ်သည်။ ဤညွှန်းကိန်းများအား ပြန်လည်ပြင်ဆင်၍ M&E/လေ့လာရေး မူနှင့်အတူ LIFT နှင့် အဆိုပြုလွှာတင်သွင်း သော အဖွဲ့အစည်းအကြား ရန်ပုံငွေသဘောတူညီမှုချုပ်ဆိုရာတွင် အရေးပါသော အစိတ်အပိုင်းဖြစ်လာမည် ဖြစ်သည်။

လေ့လာ သုံးသပ်အကဲဖြတ်ရေးအစီအစဉ်သည် မည်သည့် တိုင်းတာချက်များအားဖြင့် အထောက်အထားအခြေပြု တွေ့ရှိမှတ်သားရမှုများကို စီမံကိန်းအကောင်အထည်ဖော်စဉ်ကာလတစ်လျှောက် ထုတ်ပြန်နိုင်ရန်နှင့် ပုံစံပြင်ဆင်ရာတွင် စီမံချက်စီမံခန့်ခွဲမှုအား သတင်းပေးပို့ခြင်း၊ အဓိကကျသော မူဝါဒပိုင်းဆိုင်ရာတိုးတက်မှုနှင့် ထောက်ခံအားပေးမှုတို့တွင် ဤတွေ့ရှိချက်များအား ထည့်သွင်းအသုံးပြုနိုင်ရန် သေချာမှုရှိကြောင်း ရှင်းလင်းတင်ပြရမည်။

အဆိုပြုလွှာများသည် အောက်ပါအချက်များအပါအဝင် စီမံချက်အားအကောင်အထည်ဖော်ရာတွင် ရရှိမည့် စောင့်ကြည့် လေ့လာအကဲဖြတ်ရေး(M&E) စွမ်းရည်အားထည့်သွင်းဖော်ပြရမည်။

- လက်ရှိ M&E ဝန်ထမ်းအင်အားစုနှင့် လိုအပ်ပါက မည်သို့ အထောက်အပံ့များဖြည့်စွက်တိုးချဲ့နိုင်မည်၊

- ရှိထားပြီးသော တိုင်းတာဆန်းစစ်မှုဆိုင်ရာ နည်းစနစ်များ၊
- အသုံးပြုမည့် သတင်းအချက်အလက် စုဆောင်းသည့် စနစ် တို့ဖြစ်ပါသည်။

## စီမံချက်လျာထားငွေ ခွဲဝေအသုံးပြုမှု

လက်တွေ့ကျသော လျာထားဘတ်ဂျက် ဖော်ထုတ် စီမံခန့်ခွဲမှုသည် အောင်မြင်သော စီမံကိန်းတစ်ခု အကောင်ထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အရေးကြီးသော အစိတ်အပိုင်းဖြစ်သည်။ ငွေကြေးစီမံခန့်ခွဲမှု ကိစ္စရပ်များအား ဂရုပြု အလေးထားမှုနှင့် ရိုးသားမှုများသည် စီမံချက် ထိရောက်မှုနှင့် သက်ရောက်မှုတို့အား ပိုမိုအားကောင်းစေပါသည်။

LIFTဝက်ဆိုဒ်ပေါ်တွင်ဖော်ပြထားသော လျာထားငွေ သတ်မှတ်ပုံစံအား အသုံးပြုရမည်။ ([http://www.lift-fund.org/guidelines](http://www.lift-fund.org/guidelines))

စီမံချက်လျာထားအသုံးစရိတ်အား ရေးဆွဲရာတွင် အောက်ဖော်ပြပါ အရေးကြီးသော အခြေခံအချက်များအား သတိထား ရမည်။

- အဆိုပြုချက်တွင်ဖော်ပြထားသော ရလဒ်များထွက်ပေါ်ရေးနှင့် လုပ်ငန်းများအား ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးတို့နှင့် တိုက်ရိုက်သက်ဆိုင်သော ကုန်ကျစရိတ်များကိုသာ ထည့်သွင်းရမည်။ အခြား ဆက်စပ် အသုံးစရိတ်များအတွက် အခြားရင်းမြစ်တစ်ခုခုမှ ရန်ပုံငွေရယူရမည်ဖြစ်သည်။ LIFT၏လုပ်ငန်းလည်ပတ်မှု လမ်းညွှန်မှ LIFTသည် မည်သည်တို့အတွက် ရန်ပုံငွေ ထောက်ပံ့မှု ပြုနိုင်ခြင်း၊ မပြုနိုင်ခြင်းအား ကြည့်ရှုရန် ရည်ညွှန်းသည်။
- လျာထားချက်သည် စစ်မှန်၍ လက်တွေ့ကျရမည်။
- လျာထားချက်တွင် ရန်ပုံငွေခွင့်ပြုချက်ရထားသည့် စီမံချက်ကို စီမံခန့်ခွဲသည့် ကုန်ကျစရိတ်များအားလုံး ပါဝင်ရမည်။ အထူးသဖြင့် စောင့်ကြည့်လေ့လာ အကဲဖြတ်ရေး စရိတ်များပါ ပါဝင်ရမည်။
- တဆင့်ခံကုန်ကျစရိတ်များကို တိုက်ရိုက်ကုန်စရိတ်စုစုပေါင်း၏ ၆% အထိ ခွင့်ပြုထားပြီး LIFTမှ ထောက်ပံ့ပေးထားသည့် ရင်းနှီးမြှုပ်နှံမှု ငွေလုံးငွေရင်းမပါဝင်ပါ။
- လျာထားဘတ်ဂျက်စံနမူနာပုံစံတွင် ပါဝင်သော လျာထား စာရင်းများသည် အသုံးပြုရမည့်ငွေကြေးအား သက်ဆိုင်ရာသုံးစွဲရမည့် အုပ်စုအလိုက် ထည့်သွင်းစဉ်းစားရာတွင် အထောက်အကူဖြစ်စေမည့် ယေဘုယျ အမျိုးအစားများသာဖြစ်သည်။ ရည်မှန်းထားသော ကုန်ကျစရိတ်သည် မည်သည့် နမူနာ အမျိုးအစားများတွင်မှ မပါဝင်ပါက အခြားကုန်ကျစရိတ်ခေါင်းစဉ်အောက် တွင်ထည့်၍မည်သည့် အတွက်ကုန်ကျသည့်စရိတ်ဖြစ်ကြောင်းဖော်ပြပါ။
- လျာထားငွေစာရင်းတွင် ပါဝင်သော ကိန်းဂဏန်းများသည် အဆိုပြုလွှာခေါင်းစဉ်တွင်ဖော်ပြထားသော ကိန်းဂဏန်းများနှင့် ကိုက်ညီမှုရှိရမည်။
- လျာထားငွေစာရင်းနှင့်အတူ ကုန်ကျစရိတ်များ၏ **အသေးစိတ်ယူဆချက်များ** ကိုပါ ပူးတွဲဖော်ပြ ရမည်။ (ဥပမာ–ဝန်ထမ်းအရေအတွက် မည်မျှအတွက် ကွန်ပြူတာအလုံးရေ မည်မျှလိုအပ်ကြောင်း၊ ဝန်ထမ်းခရီးသွားစရိတ် များအတွက် ကုန်ကျစရိတ်မည်မျှ စသည်ဖြင့်)

ငွေကြေးနှင့် နည်းပညာအဆိုပြုချက်များသည် LIFTအား အဆိုပြုလွှာအတွက် သင့်လျော်ကိုက်ညီသော

ငွေကြေးတန်ဖိုး ဆန်းစစ်မှုကို ပြုလုပ်နိုင်စေရန် ခိုင်မာစွာချိတ်ဆက်မှုရှိရမည်။ LIFTမှ ရရှိသော ရန်ပုံငွေသည် အခြားရန်ပုံငွေများအတွက် အကျိုးဖြစ်ထွန်းစေနိုင်ကြောင်း ထင်ရှားစွာဖော်ပြနိုင်သော အဆိုပြုလွှာများ၊ ဘဏ္ဍာရေးရေရှည်တည်တံ့ခိုင်မြဲမှုဆီသို့ သိသိသာသော တိုးတက်မှုကိုပြသနိုင်သော အဆိုပြုလွှာများအား အားပေးကြိုဆိုပါသည်။

## နောက်ဆက်တွဲ ၃ – LIFT မှ ရွေးချယ်ခြင်းအတွက် သတ်မှတ်ချက်များ

နည်းပညာဆိုင်ရာ အကဲဖြတ်ကော်မတီသည် တင်သွင်းလာသည့် အဆိုလွှာများအား သုံးသပ်အကဲဖြတ်မည် ဖြစ်သည်။ အဆိုပြုလွှာများကို အောက်ဖော်ပြပါ စိစစ်ရွေးချယ်ရေး သတ်မှတ်ချက်များနှင့်အညီ သုံးသပ်မှု ပြုသွားမည်ဖြစ်သည်။

လျှောက်ထားတင်သွင်းသူများ သတိပြုရန်မှာ ဤသတ်မှတ်ချက်များသည် (၁) လျှောက်ထားမှုတွင် အဓိက အလေးပေးရမည့် အကြောင်းအရာအား လျှောက်ထားသူမှ ရှင်းလင်းဖော်ပြထားမှုရှိ၊ မရှိကို သိနိုင်ရန်၊ (၂) တင်သွင်းမှုများအားလုံးကို အကဲဖြတ်စစ်ဆေးမှု စံနှုန်းများအားသတ်မှတ်ရန် ဖြစ်သည်။

ဒွိဟဖြစ်ဖွယ် မရှင်းလင်းမှုများသို့မဟုတ် အသေးစိတ်အချက်အလက်များလိုအပ်ပါက LIFT၏ အကဲဖြတ် အဖွဲ့သည် တင်သွင်းသောအဖွဲ့အစည်းနှင့် တွေ့ဆုံ၍ ရှင်းလင်းချက်များတောင်းဆိုမည်ဖြစ်သည်။

### အကဲဖြတ် သတ်မှတ်ချက်များ

အကဲဖြတ်ကော်မတီသည် ၎င်းတို့၏ သုံးသပ်အကဲဖြတ်မှု နောက်ဆုံးရလဒ်ကို ဆုံးဖြတ်နိုင်ရန်အတွက် အောက်ဖော်ပြပါ အချက်များကို မေးမြန်းနိုင်သည်။

- *ပြီးပြည့်စုံမှု* – အဆိုပြုလွှာ၌ပါဝင်သော သတင်းအချက်အလက်များသည် သုံးသပ်အကဲဖြတ်မှုများ လုပ်ဆောင်ရန် ပြည့်စုံ လုံလောက်မှုရှိ/မရှိ။

- *ကိုက်ညီမှု* – ပြဿနာ၏အနက်ကိုဖွင့်ဟဖော်ဆောင်ခြင်းနှင့် စီမံကိန်း၏ အခြေခံ အကြောင်းအရာတို့မှာ ရှင်းလင်းပြတ်သားမှုရှိ/မရှိ၊ အဓိကကျသည့် အခက်အခဲကို ကိုင်တွယ် ဖြေရှင်းချက်ထုတ်ရာတွင် LIFT ၏ မဟာဗျူဟာနှင့် ကိုက်ညီမှုရှိ/မရှိ မြစ်ဝကျွန်းပေါ်ဒေသ၏ အခြေအနေကို ကောင်းစွာနားလည်မှုရှိ/မရှိ ဖွံ့ဖြိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် သင်ခန်းစာကောင်းများအားဖြင့် ပြည့်စုံမှုရှိ/မရှိ

- *ကျိုးကြောင်းညီညွတ်မှု* – ရှင်းလင်း၍ ယုတ္တိကျသော ရလဒ်ရှိ/မရှိ ရလဒ်များ၊ သတ်မှတ်ထားသည့် နောက်ဆုံးအဆင့်ဆောင်ရွက်ရန်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များအပါအဝင် စီမံချက်၏ မျှော်မှန်းရလဒ်များသည် LIFT၏ မြစ်ဝကျွန်းပေါ်–၃ စီမံကိန်း၏ဖော်ပြထားသော ပြဿနာ /လိုအပ်ချက်များနှင့် ဆက်စပ်၍ တိကျစွာ ဖော်ထုတ်ထားခြင်းရှိ/မရှိ၊ ဆောင်ရွက်ပုံစိတ်ကူးသည် ဖော်ပြထားသော အကျိုးရလဒ်များ ရယူနိုင်လောက်အောင် နည်းပညာ အရ ဖြစ်နိုင်စွမ်းရှိ/မရှိ

ကောင်မွန်သော ဖွံ့ဖြိုးရေး လုပ်ထုံးလုပ်နည်းများနှင့် သင်ခန်းစာများ ခြုံငုံပါဝင်မှု ရှိ/မရှိ

- *ချဉ်းကပ်မှုပုံစံနှင့် နည်းစနစ်များ* – စီမံချက်၏ ချဉ်းကပ်ပုံနည်းလမ်းများသည် ခေတ်မီ၍ အမှန်တကယ် အလုပ်ဖြစ်၍ သင့်လျော်မှုရှိ/မရှိ၊ နည်းစနစ်များသည် အရင်ရရှိခဲ့သော အတွေ့အကြုံများ၊ အထောက်အထားအခြေခံပြု အသိပညာဗဟုသုတများအပေါ် အခြေခံထားခြင်း ရှိ/မရှိ

- *အကျိုးတူ ပူးပေါင်းပါဝင်သူများ ဆန်းစစ်ခြင်း* – ဦးတည်ထားသော အဖွဲ့များ၏ အနက်အဓိပ္ပါယ်အား ရှင်းလင်းစွာဖော်ပြထားပြီး အကျိုးတူပူးပေါင်းပါဝင်သူများနှင့်ဆိုင်သော ဆန်းစစ်ချက်များ ရှိ/မရှိ၊ စိတ်ကူးသဘောထားသည့် အဓိက ပူးပေါင်းပါဝင်သူများ၏ အမြင်များအပေါ်အခြေခံထားခြင်းရှိ/မရှိ။ အဓိက အကျိုးတူပူးပေါင်းပါဝင်သူများ၏ ပိုင်ဆိုင်မှုနှင့် ပါဝင်ပတ်သက်မှုသည် မည်သည့်အတိုင်းအတာအထိ ထင်သာမှုရှိခြင်း။ စီမံကိန်းသည် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍများနှင့် မည်သို့မည်ပုံပူးပေါင်းဆောင်ရွက်မည့်အကြောင်းမှာ ရှင်းလင်းမှုရှိခြင်း။

- *ရေရှည်တည်မြဲမှု* – ရန်ပုံငွေထောက်ပံ့မှုကာလ ကျော်လွန်သည့်တိုင်အောင် အဆိုပြုထားသည့် ရလဒ်များ၊ သက်ရောက်မှုများ ရေရှည်တည်မြဲနိုင်သည့် အခြေအနေကောင်းဖြစ်ကြောင်းကို စီမံကိန်းမှ ဖော်ဆောင်ခြင်းရှိ/မရှိ။

- *စွမ်းဆောင်ရည်* – အဆိုပြုလွှာတင်သွင်းသော အကောင်အထည်ဖော်မည့် အဖွဲ့အစည်းနှင့် ၎င်း၏ မိတ်ဖက်အဖွဲ့အစည်းတို့၌ စီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်များရှိ/မရှိ။

- *မိတ်ဖွဲ့ပူးပေါင်းမှု* – မိတ်ဖက်အဖွဲ့အစည်းများနှင့် အကျိုးတူပူးပေါင်းပါဝင်သူများအကြား အုပ်ချုပ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပုံစံစနစ်များသည် သင့်တော်မှုရှိ/မရှိ။ မိတ်ဖက်များ၏ အခန်းကဏ္ဍနှင့် ပါဝင်မှုသည် တိကျရှင်းလင်း၍ ထိရောက်မှုရှိ/မရှိ။

- *အခြားစပ်ဆက်နေသောကိစ္စရပ်များ* – ကျား/မရေးရာ၊ အာဟာရ၊ ရွှေ့ပြောင်းနေထိုင်မှုများ၊ လူ့အခွင့်အရေး၊ မသန်စွမ်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များအား ထည့်သွင်းစဉ်းစားထားပါခြင်းရှိ/မရှိ။ အာဟာရဓာတ်ပြည့်ဝရေး အလေးပေးသော သင့်တော်သည့် ချဉ်းကပ်မှုပါဝင်ကြောင်း ပေါ်လွင်ခြင်းရှိ/မရှိ။ စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေးအပေါ်တွင် မည်မျှသက်ရောက်မှု ရှိခြင်း။

- *စွန့်စားရမှုများ* – အဆိုပြုလွှာသည် အဓိကကျသော စွန့်စားရနိုင်ချေရှိမှုများအား တွက်ဆ၍ တိကျ ရှင်းလင်းသော စွန့်စားရနိုင်ချေ စီမံခန့်ခွဲမှုအစီအစဉ်များ ပါဝင်ခြင်း။။

- *စောင့်ကြည့် အကဲဖြတ်ခြင်း* – စောင့်ကြည့်အကဲဖြတ်/လေ့လာရေးမှု ပါဝင်မှုရှိ/မရှိနှင့် စီမံချက်၏ အရွယ်အစား၊ အမျိုးအစားနှင့် ကိုက်ညီမှုရှိ/မရှိ။ မြစ်ဝကျွန်းပေါ်–၃ စီမံကိန်း၏ ပြောင်းလဲမှု သီအိုရီ၊ LIFT၏ မူဘောင်တို့နှင့် ညီညွတ်မှုရှိ/မရှိ။ အကဲဖြတ်သုံးသပ်ရေးနှင့် လေ့လာသင်ယူရေးရေး အဓိကမေးခွန်းများအား ဖော်ပြထားခြင်း။ စီမချက် ရလဒ်များနှင့်

အဆင့်အလိုက်ဆောင်ရွက်ရန် လိုအပ်ချက်များအား တိုင်းတာရန် SMART ညွှန်းကိန်းများအား ဖော်ပြထားခြင်း။

- *မူဝါဒ ဆွေးနွေးချက်* – စီမံကိန်းသည် မူဝါဒဆွေးနွေးချက်နှင့် အပြောင်းအလဲများတွင် အထောက်အကူဖြစ်စေမည့် လုံလောက်သော လွှမ်းခြုံမှုအား ပေးနိုင်ခြင်း ရှိ/မရှိ။ မြစ်ဝကျွန်းပေါ်-၃၏ ဦးစားပေးများနှင့် ကိုက်ညီမှု ရှိ/မရှိ။

- *လျာထားသည့်ဘတ်ဂျက်* – လျာထားဘတ်ဂျက်သည် စီမံချက်အတွက် ငွေကြေးနှင့်ညီသော တန်ဖိုးနှင့် ကုန်ကျစရိတ်ကာမိအောင် ထိရောက်မှုရှိခြင်း။ အကျိုးရလဒ်များအား ရရှိရန် လုံလောက်မှုရှိ/မရှိ။ စွမ်းရည်တည်ဆောက်မှု၊ လေ့လာသင်ယူခြင်းနှင့် စောင့်ကြည့်အကဲဖြတ် လုပ်ငန်းများအတွက် လုံလောက်သော ဘတ်ဂျက်လျာထားမှုရှိ/မရှိ။